**ကို့စ်တာရီကာမှ အစ္စလာမ် သာသနာ**



ကိုစ်တာရီကာသည် ကမ္ဘာ့ အနောက်ဘက်ခြမ်း အီကွေတာလိုင်း၏ မြောက်ဘက်၊ မြောက်အမေရိက တိုက်၏ တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် နီကွရာဂါနိုင်ငံ၊ အရှေ့ဘက်တွင် ကယ်ရေဘီယံ ပင်လယ်၊ တောင်ဘက်တွင် ပနားမားနှင့် အနောက်ဘက်တွက် ပစ္စိဖိတ်သမုဒ္ဒရာတို့ ရှိသည်။



ဥရောပသားတို့ သတ်မှတ်သော သမိုင်းမတိုင်မှီကာလတွင် ကို့စ်တာရီကာအား မည်သို့ အမည်ရှိခဲ့သည်ကို မသိရချေ။ မူလဒေသခံ တိုင်းရင်းလူမျိုးများသည် မီဆိုအမေရီကန် ( မက္ကဆီကို ဒေသ လူမျိုးများ) နှင့် အင်ဒီးစ်တောင်တန်းဒေသ ယဉ်ကျေးမှုထွန်းကားရာ အလယ်တွင် နေထိုင်ခဲ့သည်။ ထိုဒေသသည် အမေရိကတိုက် မက္ကဆီကို ဒေသသားတို့၏ ယဉ်ကျေးမှုနှင့် တောင်အမေရိက မူလလူမျိုးတို့၏ ယဉ် ကျေးမှု ဆုံရာ ဒေသလည်း ဖြစ်ခဲ့သည်။

ဥရောပသားတို့သည် ကို့စ်တာရီကာသို့ ၁၅၀၂ ခုနှစ်တွင် စတင်ရောက်ရှိခဲ့သည်။ ၁၈၂၁ ခုနှစ်တွင် ကို့စ်တာ ရီကာသည် အခြားသော အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများနှင့် ပူးပေါင်းလျှက် လွတ်လပ်ရေး ကြေငြာခဲ့သည်။ တိုတောင်းသော မက္ကဆီကို အင်ပါယာကာလအတွင်း ၁၈၂၃ မှာ ၁၈၃၉ ထိ ကို့စ်တာရီကာသည် မက္ကဆီကို၏ ပြည်နယ်တစ်ခု ဖြစ်ခဲ့သည်။

အခြားသော အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သမိုင်းကြောင်း တစ်လျှောက် ကို့စ်တာရီကာသည် နိုင်ငံရေးတက်လှမ်းမှုများကို ငြိမ်းချမ်းစွာ ကျော်လွှားနိုင်ခဲ့သည်။ သို့သော် ၁၉ ရာစု၏ နောက်ပိုင်းမှ စ၍ ကို့စ်တာရီကာသည် ကြီးမားသော အုံကြွမှုကြီး နှစ်ခုနှင့် ကြုံခဲ့ရသည်။ ၁၉၁၇-

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၁၉ တွင် ဖာဒီရီကို တီနိကို ဂရာနာဒိုစ် သည် သူ့အား ပြည်နှင်ဒဏ် ပေးခံရသည်အထိ အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ တဖန် ၁၉၄၈ ခုနှစ်တွင် ဂျိုးဇက် ဖက်ဂူရီစ် ဖာရာ သည် သမ္မတရွေးကောက် ပွဲ အငြင်းပွားမှုကြောင့် လက်နက်ကိုင် ထကြွခဲ့သည်။ ထိုအရေးအခင်းမှာ ၄၄ ရက်ကြာခဲ့၍ ကို့စ်တာရီကာ ပြည်တွင်းစစ် ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ထိုအရေးအခင်းသည် ၂၀ ရာစုတွင် သွေးထွက်သံယိုမှု အကြီးဆုံး အရေးအခင်း ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အတိုက်အခံ စစ်အစိုးရမှ အောင်မှ ပွဲခံလျှက် ဒီမိုကရေစီ ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲများကို ပြုလုပ်နိုင်ခဲ့သည်။

ကို့စ်တာရီကာတွင် အစ္စလာမ်သာသနာဝင် လူဦးရေမှာ ၅၀၀ ခန့်ရှိ၍ နိုင်ငံ လူဦးရေ၏ ၀.၀၁ ရာနှုန်း ဖြစ်သည်။ မစ္စဂျစ် အိုမာ အပါအဝင် အစ္စလာမ် အဖွဲ့များ စန့် ဂျိုးတွင် တည်ရှိသည်။

Wiki အား မှီငြမ်း၍ တင်ပြသည် (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com